# အပစ်ခတ်ရပ်စဲရေးသဘောတူမှုရယူထားသောလက်နက်ကိုင် အဖွဲ့စည်းများသို့ပန်ကြားချက်၊

စက်တင်ဘာလ(၁၀)၊၂၀၀၇ခုနှစ်။

၁ ယနေ့မြန်မာ့နိုင်ငံအနှံ့အပြားမှာလက်နက်မဲ့ပြည်သူလူထုတွေ၊ ကျောင်းသားလူငယ်တွေနှင့်ရဟန်းရှင်တို့သည် သတ္တိပြောင်မြောက်စွာဖြင့်စစ်အာဏာရှင်အားထကြွပုန်ကန်ပြီးရဲရင့်ပြောင်မြောက်စွာရင်ကော့အံတုနေသည်ကိုအလွန်ဂုဏ်ယူဘွယ်တွေ့မြင်ရသည်၊

၂ ပြည်သူလူထုတို့၏ယနေ့အုံကြွဆန္ဒပြမှုသည် ဆီဈေးကြီးသည့်အပေါ်မကျေနပ်မှုတခုကြောင့် အုံကြွပုန်ကန်ဆန္ဒပြနေကြခြင်းမဟုတ်ပါ။ စစ်အာဏာရှင်၏မတရားဖိနှိပ်အနိုင်ကျင့်မှု၊ မတရားဖမ်းဆီးချုပ်နှောင်မှု၊ မတရားအာဏာလုယူထားမှု၊ အကျင့်ပျက်ဖေါက်ပြန်အုပ်ချုပ်မှုကြောင့်တိုင်းပြည်စီးပွားရေးချွတ်ခြုံကျပြီး၊ တိုင်းသူပြည်သားများဆင်းရဲမွဲတေငတ်ပြတ်စေမှုနှင့် နိုင်ငံ၏အခြေခံဥပဒေကိုပြည်သူ့ဆန္ဒမပါဘဲမတရားအနိုင်ကျင့်ရေးဆွဲမှုတို့အပေါ် ပြည်သူများမကျေနပ်ကြခြင်းသည်၊ ပိုမို၍အဓိကကျသောအခြေခံအကြောင်းရင်းများဖြစ်သည်ဟု မွန်အမျိုးသားကောင်စီမှရှုမြင်မိသည်၊ မြန်မာ့နိုင်ငံပြည်သူလူထုတရပ်လုံးနှင့် တိုင်းရင်းသားများ၊ ရဟန်းရှင်များ၊ကျောင်းသူ၊ ကျောင်းသားများပါဝင်သောဒုတိယအကြိမ်မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုဖြစ်သည်။

၃ ယနေ့ရေးဆွဲထားသောအခြေခံဥပဒေသည်၊ စစ်အာဏာရှင်တို့မတရားအနိုင်ကျင့်လုယူထားသောနိုင်ငံတော်အာဏာကို တရားဝင်စစ်အာဏာရှင်တို့လက်ထဲမှာအစဉ်ထာဝရတည်မြဲနေရေးအတွက်ကြိုးပမ်းခြင်းမျှသာဖြစ်သည်၊ ပြည်သူလူထုတို့အားလွတ်လပ်သောတရားမျှတသောဒီမိုကရေစီအခွင့်ရေး၊ လူ့အခွင့်ရေးနှင့်တိုင်းရင်းသားတို့အတွက်မိမိတို့ကံကြမ္မာကိုမိမိတို့ဖန်တီးခွင့်အခွင့်ရေးတို့ကိုထည့်သွင်းစဉ်းစားပြဋ္ဌာန်းထားသောအခြေခံဥပဒေတရပ်လုံးဝမဟုတ်ပါ၊ ‘အဖွေးမြင်အပင်သိ’ဆိုသကဲ့သို့စစ်အာဏာရှင်တို့၏ အခြေခံဥပဒေလမ်းညွှန်မူများကိုလေ့လာသုံးသပ်ကြည့်လျှင် ဤအခြေခံဥပဒေသည်မြန်မာနိုင်ငံပြည်သူလူထုနှင့် တိုင်းရင်းသားများတို့ကိုစစ်အာဏာရှင် တံပိုးအောက်မှာထားပြီးအစဉ်ထာဝရကျွန်ပြုဖိနှိပ်အုပ်ချုပ်သောအခြေခံဥပဒေတရပ်သာဖြစ်သည်ကိုသိမြင်နိုင်သည်။

၄ စစ်အာဏာရှင်တို့ရေးဆွဲထားသောအခြေခံဥပဒေကိုမတရားသောနည်းဖြင့်အတင်းအဓမ္မအတည်ပြုပြဋ္ဌာန်းပြီးလျှင်၊ အပစ်ခပ်ရပ်စဲရေးသဘောတူညီချက်ရယူထားကြသော လက်နက်ကိုင်အဖွဲ့စည်းတို့သည်လည်း အတင်းအဓမ္မဖျက်သိမ်းခံရတော့မည်ဖြစ်သည်၊ မွန်ပြည်သစ်ပါတီနှင့် အပစ်ခပ်ရပ်စဲရေးသဘောတူညီမှုရယူထားသောလက်နက်ကိုင်အဖွဲ့စည်းတို့သည်၊ ထိုသို့သောအချိန်ကာလကိုဤအတိုင်းမည်သို့မျှမလုပ်ဘဲ၊ ငြိမ်သက်စွာလည်စင်းခံ၍စောင့်မျှော်နေမည်လား၊ သို့မဟုတ်ယနေ့အုံကြွသောပြည်သူလူထုနှင့်လက်တွဲပြီး ရန်သူအပေါ်အနိုင်ယူမည်လားဆိုတဲ့အရေးကြီးသောဆုံးဖြတ်ချက်ကိုအဆုံးဖြတ်ပြုရမည့်အချိန်ကာလသို့ရောက်လာပြီးဖြစ်သည်။ ဘာမျှမလုပ်ဘဲ၊ငြိမ်းသက်စွာ လည်စင်းခံ၍စောင့်မျှော်နေမည့်အစား၊ယနေ့အုံကြွနေသောပြည်သူတို့နှင့် ပေါင်းပြီးရန်သူစစ်အာဏာရှင်အား ရဲရဲဝံ့ဝံ့အံတုပုန်ကန်ရန် အချိန်ကောင်းဖြစ်သည်ဟုမွန်အမျိုးသားကောင်စီမှတိုက်တွန်းပြောကြားလိုပါသည်။

၅ ယနေ့အချိန်ခါသည်၊မွန်ပြည်သစ်ပါတီနှင့် အပစ်ခပ်ရပ်စဲရေးလုပ်ထားသောအဖွဲ့စည်းများအနေဖြင့်စစ်အာဏာရှင်အပေါ် မိမိတို့ထားရှိသော မူဝါဒသဘောထားကိုင်၊ ကျင့်သုံးသောနည်းပရိယါယ်ကိုင်းပြန်လည်သုံးသပ်ရန် အချိန်ကာလကောင်းဖြစ်သည်၊ မိမိတို့၏ရပ်တည်ချက်ကိုတိကျပြတ်သားစွာအဆုံးဖြတ်ပေးရမည့်အရေးကြီးသောအချိန်ကာလဖြစ်သည်၊ အုံကြွပုန်ကန်နေသောလက်နက်မဲ့ပြည်သူ့ တော်လှန်ရေးအင်အားစုနှင့်ပူးပေါင်းပြီးမေးမှိန်နေသည့်မိမိတို့၏ လက်နက်ကိုင်တော်လှန်ရေးသမိုင်းကြောင်းကိုတဖန်ပြန်လည် တောက်ပြောင်လာအောင်အရောင်တင်ပေးရမည့်အချိန်ကာလဖြစ်သည်ဟု မွန်အမျိုးသားကောင်စီမှရိုးသားစွာတိုက်တွန်း ပြောကြားလိုသည်၊

၆ မွန်ပြည်သစ်ပါတီနှင့်အခြားအပစ်ခပ်ရပ်စဲရေးရယူထားသောအဖွဲ့စည်းတို့သည်ရိုးသားသည်ဖြောင့်မတ်သည်၊ ဒါပေမဲ့စစ်အာဏာရှင်သည်ကောက်ကျစ်စဉ်းလဲသည်၊ ရက်စက်သည်၊ လိမ်လဲလှည့်ဖျားသည်၊ မတရားမှုအမျိုးမျိုးတို့ကိုပြောင်ပြောင်တင်းတင်းမရှက်မကြောက် ကျူးလွန်သည်၊ အပစ်ခပ်ရပ်စဲရေးလုပ်ထားသောလက်နက်ကိုင်အဖွဲ့စည်းတို့သည် နိုင်ငံရေးပြဿနာကိုတန်းတူတွေ့ဆုံဆွေးနွေးပြီးရိုးသားဖြောင့်မတ်စွာဖြေရှင်းလိုသည်၊သို့သော်စစ်အာဏာရှင်တို့သည်၊ မိမိတို့အာဏာတည်မြဲရေးအတွက်အပစ်ခပ်ရပ်စဲရေးလုပ်ထားသောအဖွဲ့စည်းတို့ကိုခုတုံးလုပ်ရန်သာကြိုးစားနေသည်။ နိုင်ငံတကာဖိအားကို ရှောင်တိမ်း နိုင်ရေးအတွက်အကာကွယ်ယူအသုံးချနေခြင်းဖြစ်သည်၊ ပြည်တွင်းဒီမိုကရေစီအင်အားစုများအုံကြွမှုကိုငြိမ်သတ်ရန်အတွက် အပစ်ခပ်ရပ်စဲရေးလုပ်ထားသောအဖွဲ့စည်းတို့နှင့်ရုပ်ပြညီညွတ်ရေးတည်ဆောက်ထားခြင်းသာဖြစ်သည်၊

၇ မွန်ပြည်သစ်ပါတီနှင့်အခြားလက်နက်ကိုင်အဖွဲ့စည်းတို့သည်၊ပြည်သူဘက်မှရပ်တည်ပြီးပြည်သူတို့နှင့်အတူပြည်သူ့အောင်ပွဲခံယူရမည့်အချိန်ဖြစ်သည်၊စစ်သားနှင့်စစ်လက်နက်သည်အဓိကမဟုတ်ပါ၊ အဆုံးဖြတ်လည်းမပြုနိုင်ပါ၊ တရားမျှတမှန်ကန်သောပြည်သူ့တိုက်ပွဲသည်သာအဓိကကျသည်၊ အဆုံးဖြတ်ပြုသည်၊ ပြည်သူလူထု ဘက်မှရပ်တည်ပြီးပြည်သူနှင့်အတူ ပြည်သူ့အောင်ပွဲကို ခံယူကြပါလေ့၊။

မွန်အမျိုးသားကောင်စီ